
Kids of Destiny
Reaching the Next Generation
www.kidsofdestiny.org

## 4.08 ယောနသန်သည် ဒါဝိဒ်ကို ကူညီသည်

## ဓမ္မရာဇဝင်ပဌမစောင် ၁၉၊ ၂၀

ဣသရေလနိုင်ငံတော်မှာ တပ်တစ်စုရဲ့ တပ်မှူးတစ်ယောက်အနေနဲ့ ဒါဝိဒ်ဟာ ရှင်ဘုရင်ရှောလုဆီမှာ အမှုထမ်းနေတယ်။ ဒါဝိဒ်က အောင်မြင်မှုတွေ အရမ်းရှိ လာတယ်။ ဒါဝိဒ်ဟာ သူနိုင်တဲ့တိုက်ပွဲတွေအားလုံးကြောင့် နာမည်ကြီးလာတယ်။ ဝိညာဉ်ဆိုးက ရှင်ဘုရင်ရှောလုစိတ်ကို တိုက်ခိုက်တဲ့အချိန်မှာ ဒါဝိဒ်ဟာ လည်း စောင်းကိုဆက်တီးပေးနေသေးတယ်။ ဒါပေမယ့် ဒါဝိဒ်အပေါ်မှာ ရှောလုက မနာလိုစိတ်ရှိတော့ သူရူးတစ်ယောက်လိုဖြစ်လာပြီး ဒါဝိဒ်ကိုသတ်ချင်လာ တယ်။

ရှောလုရဲ့သား ယောနသန်ဟာ ဒါဝိဒ်ရဲ့အချစ်ဆုံးသူငယ်ချင်းဖြစ်တယ်။ ယောနသန်က သူ့အဖေရှောလုကို ဒါဝိဒ်က ဘယ်လိုသူ့ဆီမှာအမှုထမ်းခဲ့ပါတယ်လို့ ကြိုးစားပြီးပြောပေးတယ်။ “ကျေးဇူးပြုပြီး ဒါဝိဒ်ကို မတိုက်ခိုက်ပါနဲ့။” လို့ ယောနသန်ပြောတယ်။ “သူလုပ်ပေးခဲ့တဲ့အရာအားလုံးကိုကြည့်ပါ။ သူအမြဲတမ်း အဖေ့ကို ကူညီပေးခဲ့တယ်။ ဖိလိတ္တိကရောမလူ့ဘီလူးကြီးကို သူသတ်ပြီး ဣသရေလကို အောင်ပွဲအကြီးကြီးတစ်ခု အရှင်ထာဝရဘုရားသခင်က ယူဆောင်လာ ပေးတာကို သတိရတယ်မဟုတ်လား? အဖေက အဲဒါကြောင့်ဝမ်းသာခဲ့တာပဲ” လို့ပြောတယ်။

ရှောလုက “သားမှန်တယ်။ ငါဒါဝိဒ်ကို ထိခိုက်အောင်မလုပ်ဘူး” လို့ပြောတယ်။ ဒါပေမယ့်တစ်နေ့ကျတော့ ဝိညာဉ်ဆိုးက ရှောလုရဲ့စိတ်ကို နောက်တစ်ကြိမ် တိုက်ခိုက်တယ်။ ဒါဝိဒ်က စောင်းတီးနေတဲ့အချိန်မှာ ရှောလုက နောက်တစ်ကြိမ် လှံတိုနဲ့သူ့ကိုပစ်တယ်။ ဒါဝိဒ်က ထွက်ပြေးပြီး ညအချိန်မှာ လွတ်မြောက် သွားတယ်။

ယောနသန်ကို တွေ့တော့ ဒါဝိဒ်က “ငါဘာလုပ်ခဲ့လို့လဲ? ငါ့အပြစ်ကဘာလဲ? ဘာလို့ သင့်အဖေက ငါ့ကို သတ်ချင်ရတာလဲ?” လို့ယောနသန်ကို မေးတယ်။ ယောနသန်က “သင့်ကို ငါဘာကူညီပေးရမလဲ” လို့မေးတယ်။ ဒါဝိဒ်က “မနက်ဖြန်ပွဲတစ်ပွဲရှိလိမ့်မယ်။ အထူးပွဲတွေမှာ သင့်အဖေနဲ့ငါအတူစားလေ့ရှိတယ်။ ဒါပေမယ့် မနက်ဖြန် ငါစားကျက်ကွင်းထဲမှာ ပုန်းနေမယ်။ သင့်အဖေက ငါဘယ်မှာလဲလို့မေးရင် ဗက်သလင်ကမိသားစုကို အလည်ပြန်ရတယ်လို့ ပြောပေးပါ။ အကယ်၍ သူက ‘ကောင်းပြီ’ လို့ပြောရင် သူဘာမှမဖြစ်ဘူးဆိုတာ သိလိမ့်မယ်။ ဒါပေမယ့် သူဒေါသထွက်ရင်၊ သူကငါ့ကို သတ်ဖို့ ကြံစည်နေတယ်ဆိုတာ သိ လိမ့်မယ်။” လို့ ပြောတယ်။

ယောနသန်က သူ့သူငယ်ချင်းကို ကူညီဖို့ သဘောတူပြီး ဒါဝိဒ်ကို “မနက်ဖြန် ငါတို့စားပြီးသင်ပုန်းနေတဲ့အချိန်မှာ၊ ငါအပြင်ထွက်ပြီး မြှားသုံးခုကိုပစ်မယ်။ ငါက ကောင်လေးတစ်ယောက်ကို မြှားသွားကောက်ခိုင်းမယ်။ အကယ်၍ ငါက ‘မြှားတွေက ဒီဘက်မှာ’ လို့ ကျယ်ကျယ်ပြောရင် အားလုံးအဆင်ပြေတယ်၊ ဘာ ပြဿနာမှမရှိဘူးလို့ အဓိပ္ပါယ်ရတယ်။ ဒါပေမယ့် ငါက ကောင်လေးကို ‘ဆက်သွားဦး။ မြှားတွေက သင့်ရှေ့မှာ အဝေးကြီးရှိသေးတယ်’ လို့ ပြောရင် ချက်ချင်း ထွက်တော့လို့အဓိပ္ပါယ်ရပြီး ထာဝရအရှင်ဘုရားသခင်က သင့်ကိုအဝေးကိုပို့မှာဖြစ်တယ်။” လို့ ပြောတယ်။

ဒါဝိဒ်က စားကျက်ကွင်းထဲမှာ နောက်တစ်ညနေတယ်။ ရှင်ဘုရင်က စားဖို့ သူ့စားပွဲပေါ်မှာထိုင်တော့ ဒါဝိဒ်ရဲ့နေရာက လွတ်နေတယ်။ ပွဲရဲ့ပထမညမှာ ရှောလု ဘာမှမပြောဘူး။ ဒါပေမယ့် ဒုတိယညကျတော့ သူ့သားယောနသန်ကို ဒါဝိဒ်ဘယ်မှာလဲလို့ ရှောလုမေးတယ်။ ယောနသန်က “ဒါဝိဒ်က ဗက်သလင်မြို့ကို မိသားစုဆီအလည်ပြန်လို့ရမလားလို့မေးတယ်။ အဲဒါကြောင့်သူက ဒီမှာမရှိတာ။” လို့ ပြန်ဖြေတယ်။

ရှင်ဘုရင်ရှောလုက အရမ်းဒေါသထွက်သွားတယ်။ သူက ယောနသန်ကို အရမ်းစိတ်ဆိုးတော့ သူ့ကိုမကောင်းတဲ့နာမည်တွေခေါ်တယ်။ “သင်ဘာစဉ်းစားနေ တာလဲဆိုတာ ငါသိတယ်”လို့ ရှောလုက ယောနသန်ကို ပြောတယ်။ “သင်က ဒါဝိဒ်ကို ဘုရင်ဖြစ်စေချင်တယ်။ ဒါဝိဒ်အသက်ရှင်နေသမျှ ကာလပတ်လုံးမှာ သင်ဘုရင်ဖြစ်မှာမဟုတ်ဘူးဆိုတာသိတယ်။ သူ့ကို ဖျက်ဆီးလို့ရအောင် သူ့ကို သွားရှာစမ်း။” လို့ ယောနသန်ကိုပြောတယ်။ ယောနသန်က “သူက အဖေ့ကို ဘာများလုပ်မိခဲ့လို့လဲ။” လို့မေးတော့ ရှင်ဘုရင်ရှောလုက သူ့ရဲ့သားအရင်းကို လှံတိုနဲ့လှမ်းပစ်တယ်။

နောက်တစ်ရက်ရောက်တော့ ယောနသန်က စားကျက်ကွင်းထဲကို သွားပြီး မြှားသုံးခုပစ်တယ်။ ကောင်လေးက မြှားသွားယူတဲ့အချိန်မှာ ယောနသန်က “မြှား တွေက သင့်အရှေ့မှာ ရှိနေသေးတယ်” လို့ အော်ပြောတယ်။ ဒါဝိဒ်က သူပြောချင်တာ ဘာအဓိပ္ပါယ်လဲဆိုတာကို သိတယ်။ ယောနသန်က ကောင်လေးကို သူ့လေးနဲ့ မြှားကို ယူပြီး အိမ်ပြန်ခိုင်းတယ်။ ဒါဝိဒ်က သူပုန်းတဲ့နေရာကနေထွက်လာတယ်။

ဒါဝိဒ်က ယောနသန်ကို မျက်နှာမြေကြီးထိပြီးသုံးကြိမ်ဦးချတယ်။ နောက်တော့ သူတို့တစ်ယောက်ကိုတစ်ယောက် ပွေ့ဖက်ကြပြီး နှုတ်ဆက်စကားဆိုကြ တယ်။ ယောနသန်က ဒါဝိဒ်ကို “အေးချမ်းစွာသွားပါ။ ထာဝရအရှင်ဘုရားသခင်က ကျွန်ုပ်တို့နဲ့ ကျွန်ုပ်တို့ကလေးတွေကြားက ရှိတဲ့ခင်မင်ရင်းနှီးမှုကို သိတယ်။” လို့ ပြောတယ်။ နောက်တော့ ဒါဝိဒ်ထွက်သွားတယ်။

Kids of Destiny®
Reaching the Next Generation
www.kidsofdestiny.com

## ယောနသန်သည် ဒါဝိဒ်ကို ကူညီသည် - ဆရာလမ်းညွှန် 4.08

## ဓမ္မရာဇဝင်ပဋမစောင် ၁၉၊ ၂၀

အဓိကအချက်များ

1) ဒါဝိဒ်ဟာ ဣသရေလအတွက် တိုက်ပွဲတွေကို ဦးဆောင်တဲ့နေရာမှာ အောင်မြင်မှုတွေရပြီး လူတွေကြားမှာလည်း နာမည်ကြီးတယ်။ အဲဒါကြောင့် ရှင်ဘုရင်ရှောလုက မနာလိုဖြစ်ပြီး ဒါဝိဒ်ကို သတ်ချင်ခဲ့တယ်။

2) ရှင်ဘုရင်ရဲ့သား ယောနသန်က သူ့အဖေကို ဒါဝိဒ်ကသူ့အတွက်ကောင်းတဲ့အရာတွေလုပ်ပေးခဲ့တယ်ဆိုတာကို သတိရအောက်မေ့ဖို့ပြောတယ်။ ဒါပေ မယ့် ဆိုးသောဝိညာဉ်က ရှောလုရဲ့စိတ်ထဲကိုဝင်ပြီး သူရူးတစ်ယောက်လိုဖြစ်စေတယ်။ နောက်တော့ ဒါဝိဒ်ကိုသတ်ဖို့ နောက်တစ်ကြိမ်ကြိုးစားပြန် တယ်။

3) ဒါဝိဒ်ဟာ ပွဲတက်ဖို့နဲ့ ရှင်ဘုရင်ရဲ့စားပွဲမှာထိုင်ပြီးစားဖို့ အားလုံးကမျှော်လင့်ကြတယ်။ ဒါဝိဒ်က ယောနသန်ကို ဘာကြောင့်ရှောလုက သူ့ကိုသတ်ချင်ရ တာလဲ ဆိုတာကို မသိဘူးလို့ ပြောတယ်။ ယောနသန်က ဒါဝိဒ်ကို ကူညီမယ်လို့ပြောတယ်။

4) ပွဲညနှစ်ညစလုံးမှာ ဒါဝိဒ်က စားကျက်ကွင်းထဲမှာပုန်းနေခဲ့တယ်။ ရှင်ဘုရင်ရှောလုက ပထမညမှာ ဒါဝိဒ်ဘယ်မှာလဲဆိုတာမမေးခဲ့ဘူး။ ဒါပေမယ့် ဒုတိယ ညမှာတော့ ရှင်ဘုရင်ရှောလုက ဒါဝိဒ်ဘယ်မှာလဲဆိုတာကို မေးတယ်။ ယောနသန်က ဒါဝိဒ်ဟာ ဗက်သလင်မြို့မှာ သူ့မိသားစုနဲ့အတူရှိတယ်လို့ ပြော တယ်။ ရှင်ဘုရင်ရှောလုက အရမ်းစိတ်ဆိုးပြီး သူ့သားအရင်းကို လှံတိုနဲ့ပစ်တယ်။

5) ယောနသန်နဲ့ဒါဝိဒ်မှာ အကြံအစည်တစ်ခုရှိတယ်။ ယောနသန်က မြှားသုံးခုပစ်မယ်။ မြှားတွေကို ကောင်လေးသွားကောက်တဲ့အချိန်မှာ ယောနသန်ပြော တာကို ဒါဝိဒ်က နားထောင်နေမှာဖြစ်တယ်။ ယောနသန်က ကောင်လေးကို ဝေးဝေးသွားပြီးမြှားကိုရှာလို့ပြောရင် ရှင်ဘုရင်ရှောလုက သူ့ကိုလိုက်ရှာနေ တယ်လို့အဓိပ္ပါယ်ရတယ်ဆိုတာကို ဒါဝိဒ်သိတယ်။ အဲလိုဖြစ်ခဲ့တာပဲ။

6) ဒါဝိဒ်ထွက်ပြေးရတယ်။ သူနဲ့ယောနသန်က နှုတ်ဆက်စကားတွေဆိုရတယ်။ ဒါပေမယ့် ဘုရားသခင်က သူတို့နဲ့သူတို့ကလေးတွေကြားက ခင်မင်ရင်းနှီးမှု ကိုလည်း ထိန်းသိမ်းထားမယ်ဆိုတာကို သူတို့သိတယ်။

မေးခွန်းများ

1) ဘာကြောင့် ရှင်ဘုရင်ရှောလုက ဒါဝိဒ်ကို မနာလိုဖြစ်တာလဲ?
2) ရှင်ဘုရင်ရှောလုအပေါ်မှာ ဆိုးသောဝိညာဉ်လာတော့ ဘာဖြစ်ခဲ့လဲ?
3) ပွဲကျင်းပတဲ့ညတွေမှာ ဒါဝိဒ်က ဘယ်မှာပုန်းနေခဲ့လဲ?
4) ယောနသန်က သူ့အဖေကို ဘာပြောခဲ့လဲ?
5) ရှင်ဘုရင်ရှောလုက ဒုတိယညမှာ အရမ်းစိတ်ဆိုးသွားတယ်။ သူဘာလုပ်ခဲ့လဲ?
6) ဒါဝိဒ်နဲ့ ယောနသန် နှုတ်ဆက်စကားတွေပြောကြတဲ့အချိန်မှာ ဘုရားသခင်က သူတို့အတွက် ဘာလုပ်ပေးမယ်ဆိုတာကို ယုံကြည်လဲ?

အဖြေများ

1) ရှင်ဘုရင်ရှောလုက ဒါဝိဒ်ကို မနာလိုဖြစ်ရတဲ့အကြောင်းအရင်းက ဒါဝိဒ်ဟာ အရာရာမှာ အောင်မြင်ပြီး နာမည်ကျော်ကြားလို့ဖြစ်တယ်။
2) ရှင်ဘုရင်ရှောလုအပေါ်မှာ ဆိုးသောဝိညာဉ်လာတော့ သူရူးတစ်ယောက်လိုဖြစ်ပြီး ဒါဝိဒ်ကို သတ်ချင်ခဲ့တယ်။
3) ပွဲကျင်းပတဲ့ညတွေမှာ ဒါဝိဒ်က စားကျက်ကွင်းထဲမှာ ပုန်းနေခဲ့တယ်။
4) ဒါဝိဒ်က သူ့မိသားစုတွေရှိတဲ့ဗက်သလင်မြို့ကို သွားတယ်လို့ ယောနသန်က သူ့အဖေကို ပြောတယ်။
5) ဒုတိယညမှာ ရှင်ဘုရင်ရှောလုက သူ့သားယောနသန်ကို လှံတိုနဲ့ပစ်တယ်။
6) ယောနသန်နဲ့ ဒါဝိဒ်ဟာ ဘုရားသခင်က သူတို့ရဲ့ ခင်မင်ရင်းနှီးမှုကို သူတို့နဲ့ သူတို့ကလေးတွေအကြားမှာလည်း ထားလိမ့်မယ်လို့ ယုံကြည်တယ်။



Kids of Destiny
Reaching the Next Generation

www.kidsofdestiny.org